64

ဆုံးဖြတ်ချက်မပြတ်သားတာဟာ မွေးစားသားနဲ့တူတယ်။ ဘယ်တော့မှ အကောင်းပြော မခံရဘူး။ လက်မဆေးဘဲနေရင် ညစ်ပတ်တယ် အပြောခံရတယ်။ လက်ဆေးတော့လည်း ရေဖြုန်းရကောင်းလားလို့ အပြောခံရပြန်ရော။

သံဆိုတာ မသုံးဘဲထားရင် သံချေးတက်တယ်။ ရေသေဟာ မသန့်တော့ဘဲ ရာသီဥတုအေးရင် ခဲသွားတယ်။ ဒီလိုပဲ ဘာမှမလုပ်ဘဲနေတာဟာ စိတ်ဓာတ်ရဲ့ခွန်အားတွေကို လျော့ပါးသွားစေတယ်။



65

ကျွန်တော့်အတွက်ကတော့ ဘယ်ကျောင်း၊ ဘယ်တက္ကသိုလ်က ထွက်ထွက် အရေးမကြီးဘူး။ လူတစ်ယောက်ကို ငှားတာပါ။ သူ့သမိုင်းကြောင်းကို ငှားတာမဟုတ်ပါဘူး။

သူများပြောတာကို ကောင်းကောင်းနားထောင်တတ်ဖို့ဆိုတာ လူကြီးလူကောင်းတွေမှ ဖြစ်တာ။